# ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၇၄ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ  ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဒ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဒ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။”

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) တွင် ပါရှိသော “ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်” ဆိုသည့် စကားရပ်ကို “ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဘက်စုံပို့ဆောင်ရေးဥပဒေ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော “ပို့ဆောင်ရေးဦးစီးဌာန” ဆိုသည့် စကားရပ်ကို “ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752630